# ယနေ့မဲစာရင်းသွင်းပါ။

## လျင်မြန်၍လွယ်ကူပါသည်။ ဖုန်းမှစာရင်းသွင်းပါ။

Official Information

လော့စ်အန်းဂျလစ္စကောင်တီ မှတ်ပုံတင်အရာရှိ-မှတ်တမ်းတင်သူ/ကောင်တီစာရေး (RR/CC) ၌ လာမည့် ၂၀၂၆ အထွေထွေရွေးကောက်ပွဲတွင် သင်မဲထည့်ရန် လိုအပ်သည့်အရာ အားလုံးရှိသည်။

ရွေးကောက်ပွဲအတွက်ပြင်ဆင်နိုင်ပုံ လေ့လာပြီး မဲပေးရန် စီစဉ်ပါ။

## မဲစာရင်းသွင်းပုံ-

သင်သည် မကြာသေးခင်က ပြောင်းရွှေ့ခဲ့ပါက၊ ပထမအကြိမ် မဲပေးပါက၊ (သို့) အယ်လ်အေကောင်တီ၌ လူသစ်ဖြစ်ပါက စာတိုက်မှပေးဖို့ မဲပြားကို သင့်အိမ်သို့ ပို့ပေးစေရန် ၂၀၂၆ အောက်တိုဘာလ ၁၉ ရက်နောက်ဆုံးထား၍ မဲစာရင်းသွင်းရပါမည်။

PLAN.LAVOTE.GOV သို့ သွားခြင်းက မဲစာရင်းသွင်းရန် အရိုးရှင်းဆုံးနည်းဖြစ်သည်။

သင်သည် နောက်ဆုံးရက် လွတ်သွားပါက မဲထည့်ဖို့သွားသည့်အခါ မည်သည့်မဲပေးစင်တာမဆို၌ မဲစာရင်းသွင်းနိုင်ပါသေးသည်။




## အထွေထွေရွေးကောက်ပွဲအတွက် အဓိက ရက်စွဲများ

**အောက်တိုဘာ ၁**
စာတိုက်မှထည့်ရန်မဲပြားများ စာတိုက်မှပို့ပြီး မဲထည့်ပုံးများ ဖွင့်သည်

**အောက်တိုဘာ ၁၉**
မဲစာရင်းသွင်းရန် နောက်ဆုံးနေ့

**အောက်တိုဘာ ၁၄**
မဲပေးစင်တာအချို့ဖွင့်သည်

**အောက်တိုဘာ ၃၁**
မဲပေးစင်တာအားလုံးဖွင့်သည်

**နိုဝင်ဘာ ၃**
မဲပေးရန် နောက်ဆုံးနေ့

Official Information

# မဲပေးဖို့အတွက် ကျွန်ုပ်ရွေးချယ်စရာများက အဘယ်နည်း။

အယ်လ်အေကောင်တီ RR/CC သည် သင်မဲပေးရန် ဘေးကင်း၍ အဆင်ပြေသော ရွေးချယ်စရာများ ပေးသည်။ ၎င်းတို့တွင် အောက်ပါတို့ပါဝင်သည်-

## ၁။ မဲထည့်ပုံး

အယ်လ်အေကောင်တီတစ်ဝန်းရှိ တရားဝင် မဲထည့်ပုံး ၄၀၀ ကျော်၌ သင့်မဲကို ပြန်လည်ပေးပို့နိုင်သည့်အတွက် တန်းစီစရာမလိုတော့ပါ။ သင့်အနီးအနားရှိ မဲထည့်ပုံးကို PLAN.LAVOTE.GOV တွင် ရှာပါ။

## ၂။ စာတိုက်မှ မဲထည့်ပါ

သင့်မဲပြားရရှိသည်နှင့်တစ်ပြိုင်နက် ပြန်ပို့ပေးခြင်းဖြင့် ကြိုတင်မဲပေးပါ။ အောက်တိုဘာ ၁ ရက်မှစ၍ အယ်လ်အေကောင်တီ၌ မဲစာရင်းသွင်းထားသည့် မဲဆန္ဒရှင်တိုင်းထံ မဲပြားများကို စာတိုက်မှပို့ပါမည်။ ယင်းကိုဖြည့်ပါ၊ ပြန်ပို့ရမည့်စာအိတ်ကို လက်မှတ်ထိုးပြီး အမြန်ဆုံးပြန်ပို့ပါ။

## ၃။ အောက်တိုဘာ ၂၄ မှစ၍ မည်သည့်မဲပေးစင်တာမဆိုကို သွားပါ။

အယ်လ်အေကောင်တီမဲဆန္ဒရှင်များသည် မည်သည့်မဲပေးစင်တာမဆို၌ မဲထည့်နိုင်သည်။ သင့်အနီးအနားရှိ မဲပေးစင်တာကို PLAN.LAVOTE.GOV ၌ ရှာပြီး မဲပေးဖို့ ရွေးကောက်ပွဲနေ့မတိုင်မီ စီစဉ်ပါ။ မဲပေးစင်တာအကြောင်း တစ်စုံတစ်ဦးကို ဆက်သွယ်မေးမြန်းရန် လိုအပ်ပါက (800) 815-2666 ကို ဆက်သွယ်ပါ။




မဲပေးရန် ယနေ့စီစဉ်ပါ